

# အကြံပြုချက်များ

## မိမိတို့၏ အရည်အသွေးများ ပိုမိုကောင်းမွန်အောင် ကူညီပေးပါ။

MCCI ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက် အကြံပြုချက်များအပြင် တိုင်ကြားချက်များ ရေးသားပေးပို့ခြင်းကို MCCI မှ ကြိုဆိုတိုက်တွန်းပါသည်။ လက်ခံရရှိသော အကြံပြုချက်အားလုံးအပေါ် အလေးထားစဉ်းစားသည့်အပြင် ချက်ခြင်းအရေးယူဆောင်ရွက်၍ မျှတစွာ ဆုံးဖြတ်ပါသည်။ အကြံပြုပေးပို့သူကိုလည်း လျှို့ဝှက်ပေးသွားပါသည်။

### MCCI မှ အကြံပြုချက် လက်ခံရရှိသည့်အခါ မည်သို့ဆောင်ရွက်ပါသနည်း။

လက်ခံရရှိသော အကြံပြုချက်အားလုံးကို သေသေချာချာ စဉ်းစား ဆုံးဖြတ်ပါသည်။ သင်သည် တိုင်ကြားချက် ရေးသားပေးပို့ခဲ့သူဖြစ်ပါက MCCI သည် သင်နှင့်ဆွေးနွေးကာ အခြေအနေ အမြန်ဆုံးပြေလည်နိုင်ရေးအတွက် ဖြေရှင်းဆောင်ရွက်သွားမှာ ဖြစ်ပါသည်။ ထိုအတွက် သင်လက်ခံရရှိသော ဝန်ဆောင်မှုများ မထိခိုက်သွားဘဲ အမြင့်ဆုံးသော စောင့်ရှောက်မှုအရည်အသွေးနှင့် လေးလေးစားစား ဆက်ဆံမှုကို ဆက်လက်ခံစားရရှိပါမည်။

## အကြံပြုချက် (သို့မဟုတ်) တိုင်ကြားချက်များ မည်သို့ပေးပို့နိုင်ပါသနည်း။

MCCI သည် လူနာ၊ လူနာစောင့်နှင့် မိသားစုဝင်များတို့၏ အခွင့်အရေး ဖြစ်သည့် ၎င်းတို့ရရှိခံစားခဲ့သော ဝန်ဆောင်မှုများအပေါ် အကြံပြုချက် (သို့မဟုတ်) တိုင်ကြားချက်များ ပေးပို့ခြင်းကို အထူးအားပေးသည်။

ထိုသို့ပေးပို့နိုင်ရန် သင့်အတွက် အလွယ်ကူဆုံးနည်းလမ်းကို ရွေးချယ်နိုင်ပါသည်။

- လူကိုယ်တိုယ်တိုင် ဝန်ထမ်းတစ်ဦးဦးထံ အကြောင်းကြားခြင်းအားဖြင့်
- စာ၊ အီးမေးလ်၊ ပုံစံစာရွက်ပေါ်တွင် ရေးသားခြင်းအားဖြင့်
- တယ်လီဖုန်းအားဖြင့်
- ရှေ့နေ၊ ကိုယ်စားလှယ် တစ်ဦးဦးထံမှတစ်ဆင့်

အကြံပြုချက်ပေးပို့ရာတွင် အင်္ဂလိပ်ဘာသာစကား ဖြစ်ရန်လည်း မလိုပါ။

အကြံပြုချက် ရေးသားနိုင်ရေးအတွက် အကူအညီလိုအပ်ပါက မိမိတို့ ဌာနအား ဆက်သွယ်စုံးစမ်းနိုင်ပါသည်။

## အသေးစိတ်အချက်အလက်များ ထပ်မံသိလိုပါက မည်သည့်နေရာတွင် ရှာဖွေနိုင်ပါသနည်း။

MCCI ၏ တိုင်ကြားချက်များနှင့် အကြံပြုချက် မူဝါဒနှင့်ပတ်သက်သော စာစောင်အား မိတ္တူရရှိလိုပါက မိမိတို့ဌာနအား ဆက်သွယ်ခြင်းအားဖြင့် ဖြစ်စေ၊ ဝက်ဘ်ဆိုက်ပေါ်တွင် ကြည့်ရှုခြင်းအားဖြင့်ဖြစ်စေ ရရှိနိုင်ပါသည်။

## ထိုကာလအတွင်း အခြားသော မည်သည့်ဌာန၊ အဖွဲ့အစည်းထံသို့ ဆက်သွယ်နိုင်ပါသေးသနည်း။

MCCI သည် အကြောင်းအရာကိစ္စများ၊ တိုင်ကြားချက်များကို သင်နှင့် တိုက်ရိုက်ဆွေးနွေးပြီး ဖြေရှင်းလိုပါသော်လည်း သင့်အနေဖြင့် ပြင်ပဌာန၊ အဖွဲ့အစည်းထံသို့ တိုင်ကြားနိုင်သော အခွင့်အရေးရှိသည်ကို လည်း နားလည်သိရှိပါသည်။ လွတ်လပ်ပြီး ထောက်ခံမှုပေးနိုင်ကာ တိုင်ကြားနိုင်သော ပြင်ပဝန်ဆောင်မှု ဌာနများမှာ

**NSW Ombudsman** — **1800 451 524**
**NSW မကျေနပ်ချက်များ စုံးစမ်းစစ်းဆေးသော အရာရှိ**

**Australian Human Rights Commission** — **1300 656 419**
**ဩစတြေးလျနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်**

**Aged Care Complaints Commissioner** — **1800 550 552**
**သက်ကြီးရွယ်အို စောင့်ရှောက်ရေး တိုင်ကြားမှုများစစ်ဆေးသော ကော်မရှင်အဖွဲ့ဝင်**

**Seniors Rights Service** — **1800 424 079**
**သက်ကြီးရွယ်အို အခွင့်အရေး ဝန်ဆောင်မှု**


Multicultural Communities Council of Illawarra Inc.

Offices in the Illawarra & ACT

Phone: 02 4229 7566 / 02 6169 3986

admin@mcci.org.au

mcci.org.au


MCCI


Supported by the Australian Government Department of Health.